## <u>တအာင်းဒေသအတွင်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ကျန်ပစ္စည်းကြောင့်</u>
## <u>ထိခိုက်မှုများလာသည့်အပေါ် သဘောထားထုတ်ပြန်ချက်</u>

**ရက်စွဲ။ ။ ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်**

(၁) ၂၀၁၆ ခုနှစ်မှ စပြီး မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဒေသအတွင်းတွင် မြေမြှုပ်မိုင်းများနှင့် လက်နက်ကြီးများ တွင်ကျယ်စွာ အသုံးပြုနေကြပြီး၊ အပြစ်မဲ့ပြည်သူများအား နေ့စဉ်နှင့်အမျှ ထိခိုက်နစ်နာမှု၊ အသက်ဆုံးရှုံးမှုများ ကြုံတွေ့နေကြရသည်။ ထို့ကြောင့် မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းမဆို မြေမြှုပ်မိုင်းအသုံးပြုမှုအပေါ် မိမိတို့ တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့မှ ကန့်ကွက်ရှုံ့ချသည်။

(၂) ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၂၈)ရက်နေ့ နံနက် (၁၀)နာရီ ဝန်းကျင်တွင် မိုင်းငေါ့မြို့နယ်ခွဲ ကွမ်းစလန်း ကျေးရွာအနီးရှိ သားအမိနှစ်ယောက်သည် လက်ဖက်ခြံတွင် ညအိပ်ဖြင့် အလုပ်လုပ်ပြီး ထင်းသွားကောက်ရာတွင် မိုင်းနင်းမိခဲ့ကာ(၂)ဦးစလုံး ဒဏ်ရာရရှိခဲ့သည်။ အမေဖြစ်သူ **ဒေါ်ယာနွမ်**သည် ညာဘက်ခြေထောက်နှင့် ပေါင်တွင် ဒဏ်ရာရရှိခဲ့ပြီး၊ သမီးဖြစ်သူ **လွေးဆိုင်လောဝ်** သည် နံရိုးနှင့် ခြေထောက်နှစ်ဖက်လုံး တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

(၃) ၂၀၂၀ခုနှစ် ဇန်နဝါရီလ ၂၃ ရက် ညနေ (၄)နာရီအချိန်တွင် ထင်းခုတ်ပြီး ပြန်လာသော ကျောက်မဲမြို့နယ် အာပြောင်ကျေးရွာရှိ ရွာသား (၃)ဦးသည် မြေမြှုပ်မိုင်းနင်းမိပြီး ပြန်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ ထိုမိုင်းနင်းမိသည့် ရွာသား (၃)ဦးသည် **မိုင်းမင်းနိုင်**မှာ ညာခြေသလုံး၊ ဝဲပါး၊ လက်နှစ်ချောင်းတွင် ဒဏ်ရာရရှိခဲ့ပြီး၊ **မိုင်းကျော်ရှင်**မှာ ပေါင်၊ ခြေသလုံး၊ လက်တွင် ဒဏ်ရာရရှိကာ ကျောက်မဲဆေးရုံတွင် ဆေးကုသမှုခံယူနေပြီး **မိုင်းအလေး** သည် ဝမ်းဗိုက်တစ်ဝိုက်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိသောကြောင့် မန္တလေးဆေးရုံတွင် ဆေးကုသ ခံယူနေရသည်။

(၄) ရှမ်းပြည်နယ်မြောက်ပိုင်း တအာင်းဒေသအတွင်းရှိ မြို့နယ်များ အထူးသဖြင့် နမ့်ဆန်မြို့နယ်၊ ကျောက်မဲမြို့နယ်တွင် မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ကျန်ပစ္စည်းကြောင့် လက်တလော ထိခိုက်ဒဏ်ရာ၊ နစ်နာမှု နှင့် အသက်ဆုံးရှုံးမှုများ မြင့်မားလာသည်ကို တွေ့ရသည်။ မိမိအဖွဲ့၏ စစ်တမ်းအရ ၂၀၁၉ခုနှစ် ဒီဇင်ဘာလ မှ ၂၀၂၀ခုနှစ် ဇန်နဝါရီလထိ (၂)လအတွင်း ကျောက်မဲမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် နမ္မတူမြို့နယ်အတွင်း မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်ပစ္စည်းကြောင့် သေဆုံးသူ စုစုပေါင်း (၄) ဦး နှင့် အသက်ရှင်ကျန်ရစ်သူ စုစုပေါင်း (၁၈)ဦး ရှိခဲ့ပါသည်။ ထို့ပြင် ၂၀၁၆ခုနှစ် မှ ၂၀၂၀ခုနှစ် ဇန်နဝါရီလထိ ထိခိုက်ဒဏ်ရာရရှိသော တအာင်းအပြစ်မဲ့ ပြည်သူများစုစုပေါင်း (၁၄၀)ဦး ရှိပြီး၊ သေဆုံးသူပေါင်း (၁၈)ဦး ရှိခဲ့သည့်အတွက်ကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးနေရသည့်အပြင် ကိုယ်လက်အင်္ဂါများလည်း ဆုံးရှုံးနေရသည်။

(၅) သို့ဖြစ်ပါ၍ မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမဆို လူသားချင်းစာနာထောက်ထားမှုကို အလေးအနက်ထားကာ စစ်ပွဲနှင့် စပ်ဆိုင်သော အပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် ပါရှိသည့် စစ်ကျင့်ဝတ်များ လေးစားလိုက်နာပြီး အပြစ်မဲ့မိဘပြည်သူတို့၏ အသက်၊ အိုးအိမ်များကို ထိခိုက်ပျက်စီးမှု မရှိစေရန်အတွက် လူထုလုပ်ကိုင် စားသောက်သည့်နေရာ၊ လူအများသွားလာသည့်နေရာများတွင် လက်နက်ကြီးပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများ မပြုလုပ်ကြရန် နှင့် ထောင်ထားသည့်မိုင်းကြောင့် ထိခိုက်ဒဏ်ရာ၊ အသက်ဆုံးရှုံးသွားသည့် ပြည်သူများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန် သဘောထားထုတ်ပြန် တောင်းဆိုအပ်ပါသည်။

**ဆက်သွယ်ရန်**
**၀၉ - ၂၅၇၇၂၆၇၁၃**
**၀၉ - ၄၄၂၈၈၁၀၀**

တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့
၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ရက်နေ့